အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ သင့်အား အ‌ကြောင်းခံ၍

လူတစ်ဦးတစ်ယောက်ကို အလ္လာဟ်အရှင်မြတ်က

လမ်းမှန်ချီးမြှင့်ခဲ့ခြင်းသည် သင့်အတွက်

အနီရောင်ကုလားအုတ်များရသည်ထက်ပင် ပို၍မြင့်မြတ်ကောင်းမွန်လှပေသည်" ဟု မိန့်ကြားတော်မူခဲ့သည်။

စဟ်လ် ဗင်န် စအ်ဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ခိုင်ဗရ်စစ်ပွဲဖြစ်သည့်နေ့တွင်မိန့်ကြားတော်မူခဲ့သည်။ ဧကန်အမှန်ပင် ငါကိုယ်‌တော်သည် ဤအလံကို မနက်ဖြန်၌
အကြင်သူအား အပ်နှင်းတော်မူမည်။ ထိုသူ၏ လက်ပေါ်၌ အလ္လာဟ်အရှင်မြတ်
အောင်နိုင်မှုကို ချီးမြှင့်တော်မူပေမည်။ ထိုသူသည် အလ္လာဟ်အရှင်မြတ်နှင့်
ထိုအရှင်မြတ်၏တမန်တော်ကို ချစ်မြတ်နိုးပြီး အလ္လာဟ်အရှင်မြတ်နှင့်
ထိုအရှင်မြတ်၏တမန်တော်ကလည်း သူ့အား ချစ်မြတ်နိုးတော်မူကြ၏" ဟု
မိန့်ကြားတော်မူခဲ့သည်။ စဟ်လ် (ရဿွိယလ္လာဟု အန်ဟုက) ဆက်လက်ပြောကြားခဲ့သည်မှာ- ထိုအခါ လူတို့သည် ညအချိန်ကို မိမိတို့အနက်မှ မည်သူက အလံတော်ကို
ချီးမြှင့်ခံရမည်နည်းဟု ဆွေးနွေးငြင်းခုံကာ ကုန်လွန်စေခဲ့ကြသည်။
နံနက်မိုးသောက်သောအခါ လူတို့သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ်လ္လမ်)ထံတော်သို့ ရောက်ရှိလာကြပြီး၊ ၎င်းတို့အားလုံးမှာကိုယ်စီကိုယ်စီ အလံကို ချီးမြှင့်ခံရမည်ဟု မျှော်လင့်ချက်ထားရှိကြသည်။ ထိုအခါတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ်လ္လမ်) က "အလီ ဗင်န် အဘီသွာလိဗ်မည်သည့်နေရာတွင်ရှိသနည်း" ဟု မေးမြန်းတော်မူသည်။ လူတို့က "အို-အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊ သူသည် မျက်စိနာကျင်နေပါသည်" ဟု လျှောက်ထားကြသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ်လ္လမ်) က "သူ့ထံ စေလွှတ်ကြလော့ (လူလွှတ်၍သူ့ကိုခေါ်ယူလာကြလော့)" ဟု မိန့်ကြားတော်မူသည်။ သို့ဖြစ်၍ သူ့အား
ခေါ်ယူလာခဲ့ကြသည်။ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ်လ္လမ်) သည်
သူ၏မျက်စိနှစ်ဖက်ပေါ်သို့ တံတွေးဖြင့် လိမ်းကျံပေးတော်မူပြီး သူ့အတွက်
ဒုအာပြုပေးတော်မူသည်။ ထိုအခါ သူသည် မျက်စိမနာခဲ့သကဲ့သို့ ပကတိအတိုင်း
ပြန်လည်ကောင်းမွန်သွားခဲ့သည်။ ထို့နောက် တမန်တော်မြတ်သည် သူ့အား အလံကိုပေးအပ်တော်မူသည်။ ထိုအခါ အလီ (ရဿွိယလ္လာဟုအန်ဟု) က "အို- အလ္လာဟ်၏ တမန်တော်၊
သူတို့သည် ကျွန်ုပ်တို့ကဲ့သို့ (မွတ်စ်လင်မ်များ) ဖြစ်သွားသည်အထိ ကျွန်ုပ်
သူတို့အား တိုက်ခိုက်ရပါမည်လော" ဟု လျှောက်ထားမေးမြန်းသည်။ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစ်လ္လမ်)က " အသင် သူတို့၏ နယ်မြေအတွင်းသို့
ဆိုက်ရောက်သည်အထိ ငြိမ်းချမ်းစွာဖြင့်သွားလော့။ ထို့နောက် သူတို့အား
အစ္စလာမ့်လမ်းစဉ်သို့ ဖိတ်ခေါ်လော့။ ထိုမှတစ်ဆင့် သူတို့အပေါ်၌
အလ္လာဟ်အရှင်မြတ်၏ တာဝန်ကျေရမည့် အရေးကိစ္စများကို သူတို့အား အသိပေးတင်ပြလော့။အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ သင့်အား အ‌ကြောင်းခံ၍ လူတစ်ဦးတစ်ယောက်ကို
အလ္လာဟ်အရှင်မြတ်က လမ်းမှန်ချီးမြှင့်ခဲ့ခြင်းသည် သင့်အတွက်
အနီရောင်ကုလားအုတ်များရသည်ထက်ပင် ပို၍မြင့်မြတ် ကောင်းမွန်လှပေသည်" ဟု
မိန့်ကြားတော်မူခဲ့သည်။

[صحيح] [متفق عليه]

http://www.sunnah.global/hadeeth/my/show/3409